နိုင်ငံလူဦးရေနှင့် လုပ်သားအင်အားခန့်မှန်းမှု

၁။ နိဒါန်း

နိုင်ငံတစ်နိုင်ငံ၏ စီးပွါးရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ သဘာဝ သယံဇာတ အရင်းအမြစ်များသာမက လူသားအရင်းအမြစ်များပေါ်တွင်လည်း များစွာမူတည် နေပါသည်။ လူသားအရင်းအမြစ်ဆိုရာတွင် လူဦးရေ၊ အသက်ဖွဲ့စည်းပုံ၊ လုပ်သားအင်အား ပါဝင်မှုအချိုးအစား၊ အလုပ်အကိုင်နှင့် လုပ်ငန်းအလိုက်လူဦးရေ စသည့် လူဦးရေဆိုင်ရာ အချက်အလက်များကိုဆိုလိုခြင်းဖြစ်ပြီး ယင်းအချက်အလက်များသည် နိုင်ငံတော်၏ စီးပွါးရေး မူဝါဒများ၊ လူမှုစီးပွါးရေးစီမံကိန်းများရေးဆွဲရာတွင် အခြေခံအကျဆုံး အချက်အလက်များ ဖြစ်ပါသည်။ လူဦးရေတွင် လုပ်သားအင်အားပါဝင်မှု အချိုးအစားမြင့်တက်လာခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ပြီး စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူ ပြုစေနိုင်ပါသည်။ အထူးသဖြင့် အမျိုးသမီး လုပ်သားအင်အားပါဝင်မှုအချိုးအစား မြင့်တက်လာခြင်းသည် နိုင်ငံ၏ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုသာမက မိသားစုလူနေမှုဘဝ မြှင့်တင်ရေးနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည်ကို တွေ့ရှိရပါသည်။ လုပ်သားအင်အားကို အလုပ်အကိုင် အမျိုးအစားအလိုက်၊ လုပ်ငန်းအလိုက် ခွဲခြားသိရှိခြင်းအားဖြင့် နိုင်ငံတော်၏ လိုအပ်ချက်နှင့် လက်ရှိအနေအထားတို့ကို ဘက်ညီအောင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ အလုပ်လက်မဲ့ ရာခိုင်နှုန်းကို သိရှိမှသာ အလုပ်လက်မဲ့ ပြဿနာများကို ဖြေရှင်းပေးနိုင်မည် ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် နိုင်ငံတော်၏ စီးပွါးရေး ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေနိုင်မည် ဖြစ်ပါသည်။

၂။ ရည်ရွယ်ချက်

(၁) မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်ပြောင်းလဲလာမှုဖြစ်စဉ်ကို လေ့လာသုံးသပ်ရန်၊

(၂) မြန်မာနိုင်ငံလူဦးရေ၏ အသက်ဖွဲ့စည်းပုံ အချိုးအစားပြောင်းလဲလာပုံကြောင့် လုပ်သားအင်အား ပါဝင်မှု အချိုးအစား ပြောင်းလဲလာပုံကို လေ့လာသုံးသပ်ရန်၊

(၃) လုပ်သားအင်အားတွင်ပါဝင်သူများကို အလုပ်အကိုင်အမျိုးအစားအလိုက်၊ လုပ်ငန်း အလိုက် ခွဲခြားလေ့လာရန်၊

(၄) မြန်မာနိုင်ငံ၏ လက်ရှိခန့်မှန်းလူဦးရေတွင် လုပ်သားအင်အားပါဝင်မှုကို ခန့်မှန်းတွက်ချက်ရန်၊

(၅) စာတမ်းမှ တွေ့ရှိချက်များကို အခြေခံ၍ မူဝါဒချမှတ်သူများနှင့် စီမံကိန်းရေးဆွဲသူများကို သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်။

၃။ မြန်မာနိုင်ငံ၏လူဦးရေသမိုင်း

၃.၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် ဘီစီ-၃ရာစု (BC-၃၀၀) ခန့်မှစတင်၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ ခေါ်သထုံပြည်၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာစသည်ဖြင့် ပဒေသရာဇ်နိုင်ငံငယ်များ ထူထောင်လျက် ကိုယ့်ထီးကိုယ့်နန်းဖြင့် အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ စစ်သွေးစစ်မာန်ကြွယ်ဝပြီး ဘုန်းတန်းခိုးကြီးမားသော ပဒေသရာဇ်မင်းများလက်ထက်တွင် ပဒေသရာဇ်နိုင်ငံငယ်ကလေးများကို စုစည်း၍ ဧကရာဇ်နိုင်ငံထူထောင်ခဲ့ရာ အောက်ဖော်ပြပါ အတိုင်းပေါ်ပေါက်ခဲ့ပါသည်-

(က) ပထမမြန်မာနိုင်ငံပုဂံခေတ် - အနော်ရထာမင်း (၁၀၄၄-၁၀၇၇)

(ခ) ဒုတိယမြန်မာနိုင်ငံတောင်ငူခေတ် - ဘုရင့်နောင်မင်း (၁၅၅၁-၁၅၈၁)

(ဂ) တတိယမြန်မာနိုင်ငံကုန်းဘောင်ခေတ် - အလောင်းဘုရား (၁၇၅၂-၁၇၆၁)

ပထမမြန်မာနိုင်ငံ ပုဂံခေတ်မှ တတိယမြန်မာနိုင်ငံ ကုန်းဘောင်ခေတ်ကာလအထိ (၁၀၄၄ မှ ၁၇၆၁ ထိ) ပဒေသရာဇ်ခေတ်များတွင် လူဦးရေစာရင်းဇယားပြုစုခဲ့သည့် သာဓကများ (ဥပမာ-ဘုရားတည်သည့်အခါ၊ ဆည်မြောင်းတူးဖော်သည့်အခါနှင့် စစ်သည်အင်အားစုစည်းသည့်အခါ) လူဦးရေစာရင်းများရှိခဲ့သော်လည်း ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ကောက်ယူသည့်စနစ် အားနည်းချက်များကြောင့် တိကျမှန်ကန်သော လူဦးရေစာရင်းမှတ်တမ်းများမရရှိခဲ့ပါ။

၃.၂ ကိုလိုနီခေတ်မြန်မာနိုင်ငံ

ဗြိတိသျှကိုလိုနီဘဝသို့ ရောက်ရှိချိန်တွင် မြန်မာပြည် လူဦးရေကိုလေ့လာရာ၌ ၁၈၂၆ ခုနှစ်တွင် (၄,၀၀၀,၀၀၀) ခန့်ရှိမည်ဟုခန့်မှန်းခဲ့ကြပါသည်။ ထိုအချိန်က ရခိုင်နှင့် တနင်္သာရီတိုင်းမှာ အင်္ဂလိပ်လက်အောက်ရောက်ရှိနေပြီဖြစ်ရာ ထိုတိုင်းနှစ်တိုင်းတွင် လူဦးရေ (၂၉၄,၀၀၀) ခန့် ရှိမည်ဟု

ခန့်မှန်းထားကြောင်းတွေ့ရပါသည်။ ၁၈၅၆ ခုနှစ်တွင် အောက်မြန်မာပြည် အပါအဝင် ဗြိတိသျှတို့သိမ်းပိုက်ထားသော ဒေသများတွင်ရှိသော လူဦးရေသည် (၁,၃၈၁,၀၀၀) ဟု ခန့်မှန်းခဲ့ကြပါသည်။ သန်းခေါင်စာရင်း ကောက်ယူမှုကို ၁၈၇၂ ခုနှစ်မှသာစခဲ့ပါသည်။ (BURMA HAND BOOK) အမည်ရှိ စာအုပ်တွင် မြန်မာပြည်၏ လူဦးရေကိုအောက်ပါအတိုင်း ဖော်ပြထား ပါသည် -

ခုနှစ်	အောက်မြန်မာပြည်	အထက်မြန်မာပြည်	စုစုပေါင်း
၁၈၇၂	၂၇၄၇၁၄၈	-	-
၁၈၈၁	၃၇၃၆၇၇၁	-	-
၁၈၉၁	၄၄၀၈၄၆၆	၃၃၁၃၅၈၇	၇၇၂၂၀၅၃
၁၉၀၁	၅၄၀၅၉၆၇	၅၀၈၄၆၅၇	၁၀၄၉၀၆၂၄
၁၉၁၁	၆၂၁၂၄၁၂	၅၉၀၂၈၀၅	၁၂၁၁၅၂၁၇
၁၉၂၁	၆၈၆၂၅၀၆	၆၃၅၀၀၈၆	၁၃၂၁၂၁၉၂
၁၉၃၁	၇၇၆၅၆၁၄	၆၉၀၁၅၃၂	၁၄၆၆၇၁၄၆
၁၉၄၁	၈၉၁၇၅၃၃	၇၉၀၆၂၆၅	၁၆၈၂၃၇၉၈

အထက်ပါ လူဦးရေစာရင်းကိုလေ့လာလျှင် ၁၉၁၁-၂၁ ကာလမှအပ ကျန်ဆယ်နှစ်တိုင်း တွင် လူဦးရေ (၁၀) ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်း တွေ့ရမည် ဖြစ်ပါသည်။ အုပ်ချုပ်မှု နယ်နိမိတ်အရ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဟုသာ ခွဲခြားနိုင်ပြီး ပြည်နယ်၊ တိုင်းနှင့် ခရိုင်အုပ်ချုပ်မှုနယ်နိမိတ်များ မပိုင်းခြားရသေးပါ။ ၁၉၃၁ မှ ၁၉၄၁ ဆယ်နှစ်အတွင်းမှု တစ်နှစ်တွင် (၁.၄) ရာခိုင်နှုန်းခန့်တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ အဆိုပါနှုန်းအတိုင်းသာ လူဦးရေ ဆက်လက်တိုးတက်ခဲ့ပါလျှင် ၁၉၆၁ ခုနှစ်မတိုင်မီ မြန်မာပြည်၏ လူဦးရေသည် ၂၁ သန်းကျော်ခန့် ရှိလာမည်ဟု ဗြိတိသျှအစိုးရက (BURMESE ECONOMIC LIFE)[1] စာအုပ်တွင် မှတ်တမ်းတင်ခဲ့ ပါသည်။

၃.၃ လွတ်လပ်ပြီးခေတ် လူဦးရေသန်းခေါင်စာရင်းများကောက်ယူခြင်း

[1] ANDRUS, J. RUSSELL. Burmese Economic Life. Pp. xxii, 362. Stanford University, California: Stanford University Press, 1947.

ပြည်သူ့အင်အားဦးစီးဌာနသည် လွတ်လပ်ရေးရပြီးသန်းခေါင်စာရင်းဌာနကို စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ လူဦးရေသန်းခေါင်စာရင်း၊ အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ စိုက်ပျိုးရေးသန်းခေါင်စာရင်း၊ စက်မှုလက်မှု သန်းခေါင်စာရင်းနှင့် အိမ်တွင်းစက်မှုလက်မှု သန်းခေါင်စာရင်းတို့ကို ၁၉၅၃ ခုနှစ်တွင် မြို့နယ် (၂၅၂) မြို့နှင့် ၁၉၅၄ ခုနှစ်တွင် ကျေးရွာအုပ်စုပေါင်း (၂၁၄၃) အုပ်စုတို့တွင် ကောက်ယူခဲ့ပါသည်။

၁၉၇၃ခုနှစ်တွင် ပထမအကြိမ် လူဦးရေသန်းခေါင်စာရင်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံးတွင် ကောက်ယူနိုင်ခဲ့ပြီး မဲဆန္ဒရှင်စာရင်းကိုပါ ပြုစုရရှိခဲ့ပါသည်။ အစီရင်ခံစာနှင့် စာရင်းဇယားများကို ပြည်ထောင်စု၊ ပြည်နယ်/တိုင်း၊ မြို့နယ်များအလိုက် ပြုစုထုတ်ပြန်ခဲ့ပါသည်။ ဒုတိယအကြိမ် လူဦးရေသန်းခေါင်စာရင်းကိုလည်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ၁၉၈၃ ခုနှစ်တွင် ကောက်ယူခဲ့ပါသည်။ ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်း၏ အစီရင်ခံစာနှင့် စာရင်းဇယားများ ကိုလည်း ပြည်ထောင်စု၊ ပြည်နယ်/တိုင်း၊ မြို့နယ်များအလိုက် ပြုစုထုတ်ပြန်ခဲ့ပါသည်။

၃.၄ သန်းခေါင်စာရင်းကြားကာလတွင်ကောက်ယူသည့်လူဦးရေဆိုင်ရာစစ်တမ်းများ

လူဦးရေသန်းခေါင်စာရင်းမှ နှစ်တစ်နှစ်အတွက် သတ်မှတ်နေ့တစ်နေ့တွင်ရှိသည့် နိုင်ငံ၏ လူဦးရေကိုသာ ရရှိနိုင်ပါသည်။ သို့အတွက်စီမံကိန်းများနှင့် အုပ်ချုပ်ရေးကိစ္စရပ်များအတွက် လူဦးရေကို နှစ်စဉ်ခန့်မှန်းတွက်ချက်နိုင်ရန် သန်းခေါင်စာရင်းမှရရှိသည့် လူဦးရေအချက်အလက်များကို လူဦးရေဆိုင်ရာစစ်တမ်းများမှရရှိသော မွေးဖွားမှု၊ သေဆုံးမှု၊ ပြောင်းဝင်/ ပြောင်းထွက်နှုန်းများစသည့် အချက်အလက်များဖြင့် ဖြည့်စွက်ပေးရပါသည်။ သို့ဖြစ်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်နိုင်ရန်၊ ဆောင်ရွက်ပြီးသော စီမံကိန်းများ၏ရလာဒ်များကိုအကဲဖြတ်ရန်၊ စံပြုရန်နှင့် လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ အစီအစဉ်များရေးဆွဲချမှတ်နိုင်ရန်အပြင် လက်ရှိအခြေအနေနှင့် ကိုက်ညီသော လူဦးရေ ခန့်မှန်းတွက်ချက်ခြင်းများပြုလုပ်နိုင်ရန်အတွက် မွေးဖွားမှုစစ်တမ်းများ၊ သေဆုံးမှုစစ်တမ်းများစသည် တို့ကို ကောက်ယူရန် လိုအပ်ပါသည်။

၃.၅ စစ်တမ်းများကောက်ယူခြင်း

၁၉၈၃ ခုနှစ်တွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူပြီး နောက်ပိုင်းနှစ်များတွင် သန်းခေါင်စာရင်းကို ဆက်လက်မကောက်ယူနိုင်ခဲ့သဖြင့် လူဦးရေခန့်မှန်း တွက်ချက်ရာတွင်

အထောက်အကူပြုမည့် အောက်ဖော်ပြပါစစ်တမ်းများကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund, UNFPA) နှင့်ပူးပေါင်း၍ကောက်ယူခဲ့ပါသည် -

	စစ်တမ်းအမည်	ကောက်ယူခဲ့သည့်နှစ်
(က)	လူဦးရေပြောင်းလဲမှုနှင့်မွေးဖွားမှုစစ်တမ်း	၁၉၉၁
(ခ)	မွေးဖွားမှုနှင့်မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း	၁၉၉၇
(ဂ)	နယ်စပ်ဒေသပြောင်းရွှေ့သွားလာမှုနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း	၁၉၉၉
(ဃ)	မွေးဖွားမှုနှင့်မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း	၂၀၀၁
(င)	မိသားစုနှင့်လူငယ်လူရွယ်စစ်တမ်း	၂၀၀၄
(စ)	မွေးဖွားမှုနှင့်မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း	၂၀၀၇

၃.၆ အခြားလူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်းများ

မြေပြင်ရှိလူဦးရေစာရင်းများ၏ မှန်ကန်တိကျမှုကို သိရှိရန်နှင့် လူဦးရေပြောင်းလဲမှု နှုန်းထားများကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် လူဦးရေစာရင်းကောက်ယူခြင်းကို တိုင်းဒေသ ကြီးနှင့် ပြည်နယ်(၁၄)ခုရှိ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနှေး မြို့နယ်(၇၂) မြို့နယ်ကိုရွေးချယ်၍ တစ်မြို့နယ်တွင် ရပ်ကွက်တစ်ကွက်နှင့် ကျေးရွာအုပ်စုတစ်စုကို စံကွက်များအဖြစ်ရွေးချယ်၍ အောက်ပါအတိုင်း ကွင်းဆင်းစာရင်းကောက်ယူမှု ပြုလုပ်ခဲ့ပါသည်-

(က) ၂၀၀၇ ခုနှစ်၊ ဩဂုတ်လတွင် မြို့နယ် (၆) မြို့နယ်

(ခ) ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလတွင် မြို့နယ် (၁၂) မြို့နယ်

(ဂ) ၂၀၀၈ ခုနှစ်၊ မတ်လတွင်မြို့နယ် (၁၈) မြို့နယ်

(ဃ) ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလတွင် မြို့နယ် (၁၈) မြို့နယ်နှင့်

(င) ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလတွင် မြို့နယ် (၁၈) မြို့နယ်

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီတိုင်းမပါ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီး (၁) ခုစီတွင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးမှုနှေးမြို့နယ် (၁) မြို့နယ်စီ သတ်မှတ်၍ စုစုပေါင်း မြို့နယ် (၂၆) မြို့နယ်တို့၌ မြို့နယ်လုံးကျွတ် ကွင်းဆင်းစာရင်း ကောက်ယူမှု ပြုလုပ်ခဲ့ပါသည်။



၄။ လူဦးရေပြောင်းလဲမှုဖြစ်စဉ်

၄.၁ လူဦးရေသန်းခေါင်စာရင်းနှင့် စစ်တမ်းများမှဖော်ပြနေသည့် မြန်မာနိုင်ငံ၏ လူဦးရေ ပြောင်းလဲမှုဖြစ်စဉ် (၁၉၇၃-၂၀၀၇)

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း (၄၀)ကျော်ခန့်မှစ၍ ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာသကဲ့သို့ သေဆုံးမှုနှုန်းလည်းကျဆင်းခဲ့ကြောင်းကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် လူဦးရေသန်းခေါင်စာရင်းများနှင့် ၁၉၉၁ ခုနှစ် မှ ၂၀၀၇ ခုနှစ်အတွင်း ကောက်ယူခဲ့သည့် လူဦးရေစစ်တမ်းများက ဖော်ပြနေပါသည်။ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံ လူဦးရေ၏ အသက်အလိုက်ဖွဲ့စည်းမှု အချိုးအစားသည် တဖြည်းဖြည်း ပြောင်းလဲ လာခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် လက်ရှိလူဦးရေ အခြေအနေ ကို လူဦးရေပိရမစ်များဖြင့် ပြဆိုလေ့ရှိပါသည်။ လူဦးရေပိရမစ်များသည် အသက်အုပ်စုအလိုက်၊ ကျားမ အလိုက် လူဦးရေ ပါဝင်မှု အချိုးအစားများကို ပြဆိုရုံမျှမက လူဦးရေ ပေါ်တွင် မွေးဖွါးနှုန်း၊ သေဆုံးနှုန်း၊ ပြောင်းဝင်ပြောင်းထွက်နှုန်းများ၏ အကျိုးသက်ရောက်မှုများကိုလည်း လေ့လာ ဆန်းစစ်နိုင်ပါသည်။

ဇစ်မြစ် - ၁၉၇၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်း

၁၉၇၃ ခုနှစ်တွင်ကောက်ယူခဲ့သည့် လူဦးရေသန်းခေါင်စာရင်းမှရရှိသော အချက်အလက်များနှင့် ရေးဆွဲထားသည့် လူဦးရေပိရမစ်ပုံတွင် မြန်မာနိုင်ငံသည် မွေးဖွားနှုန်းမြင့်မားသည့်နိုင်ငံများတွင် တွေ့နေကျဖြစ်သည့်အောက်ခြေကား၍ အထက်သို့ရှူးသည့် ပိရမစ်ပုံစံကို တွေ့ရှိရ ပါသည်။ ၁၉၇၃ ခုနှစ်တွင် အမျိုးသမီးတစ်ဦး၏ ပျမ်းမျှကလေးမွေးဖွားနှုန်းမှာ (၅.၇) ယောက် ဖြစ်ပါသည်။



ဇစ်မြစ် - ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်း

၁၉၈၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ မွေးဖွားနှုန်းစတင်ကျဆင်းနေသည့် လက္ခဏာအဖြစ် အသက် (၀-၄) နှစ်အုပ်စုနှင့် အသက် (၅-၉) နှစ်အုပ်စုတို့၏ ရေပြင်ညီဘားများသည်အတွင်းသို့ စတင်ကျုံ့ဝင်နေသည်ကို တွေ့ရှိရပါသည်။ ထိုအသက်အုပ်စုများ၏ ပါဝင်မှုအချိုးအစား လျော့ကျလာခြင်းကြောင့်ဖြစ်ပါသည်။ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းမှာ (၄.၇) ယောက်ဖြစ်ပါသည်။ လူဦးရေတိုးနှုန်းမှာ (၂.၀၂) ရာခိုင်နှုန်းဖြစ်၍ မျှော်မှန်းသက်တမ်းမှာအမျိုးသား (၅၆) နှစ်၊ အမျိုးသမီး (၆၀)နှစ် ဖြစ်ပါသည်။



ဇစ်မြစ် - ၁၉၉၁ ခုနှစ် မွေးဖွားမှုနှင့်လူဦးရေပြောင်းလဲမှုစစ်တမ်း

၁၉၈၃ ခုနှစ်မှ ၁၉၉၁ခုနှစ်အတွင်း မွေးဖွားနှုန်း သိသာစွာ ကျဆင်းနေသည်ကို အသက် (၀-၄) နှစ်အုပ်စု၏ ရေပြင်ညီဘားသည် အတွင်းသို့ သိသာစွာ ကျုံ့ဝင်နေခြင်းက ဖော်ပြနေပါသည်။ လူဦးရေအများဆုံး အသက်အုပ်စုသည် (၅-၉) အသက်အုပ်စု ဖြစ်သည်ကို တွေ့ရှိရပါသည်။ သေဆုံးမှုနှုန်း ကျဆင်းခြင်းကြောင့် အသက်ကြီးအုပ်စုများ၏အချိုးအစား စတင်မြင့်တက်နေသည်ကိုလည်း တွေ့ရှိရပါသည်။ စစ်တမ်းအရ လူဦးရေတိုးနှုန်းမှာ (၁.၅၁) ရာခိုင်နှုန်းဖြစ်၍ အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းမှာ (၂.၉) ယောက်ဖြစ်ပါသည်။ မျှော်မှန်းသက်တမ်းမှာ အမျိုးသား (၅၈)နှစ်၊ အမျိုးသမီး (၆၂)နှစ် ဖြစ်ပါသည်။



ဇစ်မြစ် - ၁၉၉၇ ခုနှစ် မွေးဖွားမှုနှင့်မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း

၁၉၉၇ခုနှစ်တွင် မွေးဖွားနှုန်းဆက်လက်ကျဆင်းနေဆဲဖြစ်သည်ကို အသက် (၀-၄) နှစ်နှင့် အသက် (၅-၉) နှစ်အုပ်စုတို့၏ရေပြင်ညီဘားများသည် အတွင်းသို့သိသာစွာ ကျုံ့ဝင်နေခြင်းက ဖော်ပြနေပါသည်။ လူဦးရေအများဆုံး အသက်အုပ်စုသည် (၁၀-၁၄) အသက်အုပ်စု ဖြစ်သည်ကို တွေ့ရှိရပြီး အသက်ကြီးအုပ်စုများ၏ အချိုးအစားဆက်လက်မြင့်တက်နေသည်ကိုလည်း တွေ့ရှိရပါသည်။ အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းမှာ (၂.၇၃) ယောက်ဖြစ်ပါသည်။ မျှော်မှန်းသက်တမ်းမှာ အမျိုးသား (၅၉) နှစ်၊ အမျိုးသမီး (၆၃) နှစ်ဖြစ်ပါသည်။



ဇစ်မြစ် - ၂၀၀၁ ခုနှစ် မွေးဖွားမှုနှင့်မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း

၂၀၀၁ ခုနှစ်တွင်လည်း အလားတူဖြစ်ပါသည်။ လူဦးရေအများဆုံး အသက်အုပ်စုသည် (၁၅-၁၉) အသက်အုပ်စု ဖြစ်သည်ကို တွေ့ရှိရပါသည်။ ပိရမစ်အရ အမျိုးသမီးလူဦးရေသည် အမျိုးသားလူဦးရေထက် သိသိသာသာ များပြားကြောင်း တွေ့နိုင်ပါသည်။ စစ်တမ်းအရ လူဦးရေတိုးနှုန်းမှာ (၁.၂၄) ရာခိုင်နှုန်းဖြစ်၍ အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းမှာ (၂.၄၃) ယောက်ဖြစ်ပါသည်။ မျှော်မှန်းသက်တမ်းမှာ အမျိုးသား (၆၀) နှစ်၊ အမျိုးသမီး (၆၄) နှစ် ဖြစ်ပါသည်။



ဇစ်မြစ် - ၂၀၀၇ ခုနှစ် မွေးဖွားမှုနှင့်မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း

၂၀၀၇ ခုနှစ်တွင် မွေးဖွားနှုန်းနှင့်သေဆုံးမှုနှုန်း ဆက်တိုက်ကျဆင်းမှုကြောင့် အသက် (၀-၄) နှစ်နှင့် အသက် (၅-၉)နှစ်အုပ်စုတို့၏ ရေပြင်ညီဘားများသည် အတွင်းသို့ နက်ရှိုင်းစွာ ကျုံ့ဝင်နေခဲ့ပြီး သက်ကြီးရွယ်အိုများ (အထူးသဖြင့် အမျိုးသမီးသက်ကြီးရွယ်အိုများ)၏ အချိုးအစား သိသာစွာမြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ လူဦးရေတိုးနှုန်းမှာ (၁.၁၃)ရာခိုင်နှုန်းဖြစ်၍ အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းမှာ (၂.၀၃) ယောက်ဖြစ်ပါသည်။ မျှော်မှန်းသက်တမ်းမှာ အမျိုးသား (၆၂) နှစ်၊ အမျိုးသမီး (၆၆) နှစ်ဖြစ်ပါသည်။

၄.၂ မြန်မာနိုင်ငံ၏အသက်အုပ်စုကြီးအလိုက်ဖွဲ့စည်းမှုပြောင်းလဲလာခြင်း

အသက်အုပ်စုကြီးများကို ယေဘူယျအားဖြင့် (၃)ပိုင်း ပိုင်းခြားလေ့ရှိပါသည်။ ကလေးအရွယ်ဟုသတ်မှတ်သော အသက် (၁၅)နှစ်အောက်အုပ်စုကြီး၊ အလုပ်လုပ်နိုင်သော လုပ်သားအင်အားကို ခန့်မှန်းနိုင်သည့် အသက်အုပ်စုဖြစ်သည့် အသက်(၁၅-၅၉)နှစ်အုပ်စုကြီးနှင့် သက်ကြီးရွယ်အိုဟု သတ်မှတ်နိုင်သည့် အသက် (၆၀)နှစ်နှင့်အထက် အုပ်စုကြီးများဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံလူဦးရေ၏ အသက်အလိုက်ဖွဲ့စည်းမှု အချိုးအစားသည် တဖြည်းဖြည်းပြောင်းလဲလာခဲ့ပါသည်။ အသက်(၁၅) နှစ်အောက် လူဦးရေအချိုးအစားသည် တဖြည်းဖြည်း လျော့ကျလာပါသည်။ ၁၉၇၃ခုနှစ်တွင် (၄၁.၅) ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၇ခုနှစ်တွင်

(၂၈.၃) ရာခိုင်နှုန်းသို့လျော့ကျခဲ့ပါသည်။ သို့ရာတွင် အတိတ်ကလူဦးရေတိုးနှုန်း မြင့်မားခဲ့ခြင်းကြောင့် အသက် (၁၅)နှစ်နှင့် (၅၉)နှစ်အတွင်းရှိ လူဦးရေ အချိုးအစားမှာ ဆက်လက်မြင့်တက်ခဲ့ပါသည်။ ၁၉၇၃ခုနှစ်တွင် (၅၂.၅) ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၇ခုနှစ်တွင် (၆၃) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပါသည်။ အသက် (၆၀) နှစ်နှင့်အထက် လူဦးရေအချိုးအစားမှာ လည်း တဖြည်းဖြည်း မြင့်တက်ခဲ့ပါသည်။ ၁၉၇၃ခုနှစ်တွင် (၆) ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် (၈.၇) ရာခိုင်နှုန်း ရှိလာခဲ့ပါသည်။

မြန်မာနိုင်ငံ၏အသက်အုပ်စုကြီးအလိုက်ဖွဲ့စည်းပုံပြောင်းလဲမှု

(၁၉၇၃-၂၀၀၇) ခုနှစ်



ဇစ်မြစ် - သန်းခေါင်စာရင်းနှင့် မွေးဖွါးမှုနှင့် မျိုးဆက်ပွါးကျန်းမာရေးစစ်တမ်းများ

၄.၃ မြန်မာနိုင်ငံ၏မှီခိုမှုအချိုး ကျဆင်းလာခြင်း

မှီခိုမှုအချိုးဆိုသည်မှာ အလုပ်လုပ်နိုင်သော လူဦးရေပေါ်တွင် မှီခိုနေရသော အလုပ်မလုပ်နိုင်သည့် လူဦးရေအချိုးဖြစ်သည်။ တစ်နည်းအားဖြင့် မှီခိုလူဦးရေဖြစ်သည့် အသက်(၆၀) နှစ်နှင့်အထက်လူဦးရေနှင့် အသက် (၁၅) နှစ်အောက်လူဦးရေပေါင်းနှင့် အလုပ်လုပ်နိုင်သော အသက်(၁၅-၅၉) နှစ်လူဦးရေတို့၏ အချိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မွေးဖွားနှုန်း ကျဆင်းမှု

ကြောင့် မီးခိုသူအသက်အုပ်စုဖြစ်သည့် အသက် (၁၅)နှစ်အောက် လူဦးရေသည် ကျဆင်းခဲ့ပါသည်။ သို့ရာတွင် အတိတ်ကာလက မွေးဖွားနှုန်းမြင့်မားခဲ့မှုကြောင့် အလုပ်လုပ်နိုင်သည့် အသက်အုပ်စု၏ အချိုးအစားသည် ဆက်လက်မြင့်တက်ဆဲဖြစ်ပါသည်။ အသက်ကြီးသည့် မှီခိုသူအချိုးအစား တိုးလာသော်လည်း ပြောပလောက်အောင်မတိုးသေးပါ။ ထို့ကြောင့်မြန်မာနိုင်ငံ၏ မှီခိုမှုအချိုးသည် ဆက်တိုက်ကျဆင်းနေသည်ကို အောက်ပါပုံတွင် တွေ့ရှိနိုင်ပါသည် -

မြန်မာနိုင်ငံ၏မှီခိုမှုအချိုးကျဆင်းလာခြင်း (၁၉၇၃-၂၀၀၇) ခုန□စ□



ဇစ်မြစ် - သန်းခေါင်စာရင်းနှင့် မွေးဖွါးမှုနှင့် မျိုးဆက်ပွါးကျန်းမာရေးစစ်တမ်းများ

၅။ လူဦးရေတွင် လုပ်သားအင်အား ပါဝင်မှု အချိုးအစား

၅.၁ လုပ်သားအင်အားပါဝင်မှုနှုန်း

လုပ်သားအင်အားပါဝင်မှုနှုန်းဆိုသည်မှာ စာရင်းကောက်သည့်ရက်မတိုင်မီ (၁၄) ရက် အတွင်း လုပ်ငန်းခွင်၌ ဝင်ငွေရသော အလုပ်တစ်ခုခုကို လုပ်ကိုင်နေသူများ၊ အလုပ်မလုပ်နေသော်လည်း အလုပ်ရှာနေသူများ ဖြစ်ပါသည်။ ဇယား (၁) တွင် မြန်မာနိုင်ငံ၏ အသက် (၁၅) နှစ်နှင့် အထက် လုပ်သားအင်အားပါဝင်မှုနှုန်းများကို အသက်အုပ်စုနှင့် ကျား/မအလိုက် ဖော်ပြထားပါသည်။ အဆိုပါအချက်အလက်များသည် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများ၊ ၂၀၀၁

ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင်ကောက်ယူခဲ့သော မွေးဖွားမှုနှင့်မျိုးဆက်ပွား ကျန်းမာရေးစစ်တမ်းများကို အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

ဇယား (၁) အသက်အုပ်စုနှင့် ကျား/မအလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း (၁၉၇၃ ခုနှစ်- ၂၀၀၇ ခုနှစ်)

အသက်အုပ်စု	လုပ်သားအင်အားပါဝင်မှုနှုန်း (%)											
	၁၉၇၃			၁၉၈၃			၂၀၀၁			၂၀၀၇		
	စုစုပေါင်း	ကျား	မ	စုစုပေါင်း	ကျား	မ	စုစုပေါင်း	ကျား	မ	စုစုပေါင်း	ကျား	မ
၁၅-၁၉	41.8	51.8	32.3	42.0	48.3	35.8	50.8	58.3	43.5	54.0	60.1	48.3
၂၀-၂၄	55.1	77.0	34.8	57.2	75.0	40.1	68.3	83.3	54.3	75.3	85.4	66.2
၂၅-၂၉	59.9	86.2	35.2	61.6	83.2	40.6	75.6	94.2	59.0	81.8	94.5	70.9
၃၀-၃၄	61.1	87.9	35.5	63.0	85.6	40.9	77.9	97.5	60.5	83.0	97.3	71.2
၃၅-၃၉	61.7	87.6	36.4	63.6	85.5	41.6	78.0	97.6	60.6	83.7	97.5	72.0
၄၀-၄၄	62.3	87.0	38.3	62.9	84.9	42.2	77.3	97.5	59.7	83.6	97.6	71.9
၄၅-၄၉	62.4	86.2	39.0	62.7	83.8	42.3	76.3	96.1	58.2	82.2	96.1	70.3
၅၀-၅၄	61.2	84.4	38.8	61.5	81.9	42.1	70.5	92.4	52.5	77.5	93.4	64.6
၅၅-၅၉	57.8	80.5	36.0	60.1	79.9	40.8	64.0	87.3	45.5	70.7	87.2	57.2
၆၀-၆၄	51.8	73.4	31.6	53.0	70.8	36.7	51.1	71.6	34.5	54.4	72.1	40.0
၆၅+	36.2	54.7	20.3	38.4	54.4	24.6	28.9	46.8	15.2	29.8	43.8	19.5
စုစုပေါင်း	**54.9**	**76.4**	**34.5**	**56.0**	**73.8**	**38.9**	**66.0**	**83.3**	**50.6**	**71.4**	**84.1**	**60.5**

အသက် (၁၅) နှစ်နှင့်အထက် လုပ်သားအင်အားပါဝင်မှုနှုန်း

(၁၉၇၃ ခုနှစ်- ၂၀၀၇ ခုနှစ်)



ဇစ်မြစ် - သန်းခေါင်စာရင်းနှင့် မွေးဖွါးမှုနှင့် မျိုးဆက်ပွါးကျန်းမာရေးစစ်တမ်းများ

လုပ်သားအင်အားပါဝင်မှုနှုန်းသည် အသက□(၆၀)န□စ□န□င□့အထက် အုပ်စုများမှလွဲ၍ ကျန်အသက်အုပ်စုများတွင် တိုးတက်လာကြောင်း အထက□ပ□ပုံတွင်တွေ့ရှိနိုင်ပါသည်။ အသက်(၁၅)နှစ်နှင့်အထက် လုပ်သားအင်အားပါဝင်မှုနှုန်းမှာ ၁၉၇၃ ခုနှစ်တွင် အိမ်ထောင်စု လူဦးရေစုစုပေါင်း၏ (၅၄.၉) ရာခိုင်နှုန်းရှိရာမှ ၂၀၀၇ ခုနှစ်တွင် (၇၁.၄) ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ နိုင်ငံ၏ လူဦးရေတွင် အသက်အုပ်စုပုံစံ ပြောင်းလဲလာခြင်းကြောင့် လုပ်သားအင်အားပါဝင်မှုနှုန်း များလာခြင်းဖြစ်ပါသည်။ ကျား/မ အလိုက် ဆန်းစစ်လေ့လာရာတွင် ၁၉၇၃ ခုနှစ် လုပ်သားအင်အားပါဝင်မှုတွင် အမျိုးသား (၇၆.၄) ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးများမှာ (၃၄.၅) ရာခိုင်နှုန်း သာရှိပါသည်။ ၂၀၀၇ ခုနှစ်အတွက် လုပ်သားအင်အားပါဝင်မှုသည် အမျိုးသားများအတွက် (၈၄.၁) ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးများသည် (၆၀.၅) ရာခိုင်နှုန်း ဖြစ်ကြောင်း တွေ့ရပါသည်။

မြို့ပြနှင့်ကျေးလက် လုပ်သားအင်အားပါဝင်မှုနှုန်းကို လေ့လာရာတွင် ၁၉၇၃ ခုနှစ်၌ မြို့ပြတွင်(၅၃.၅) ရာခိုင်နှုန်းနှင့် ကျေးလက်တွင် (၅၅.၃) ရာခိုင်နှုန်း ဖြစ်ပြီး ၁၉၈၃ ခုနှစ် မြို့ပြတွင်(၅၂.၉) ရာခိုင်နှုန်းနှင့်

ကျေးလက်တွင် (၅၇.၁) ရာခိုင်နှုန်းတွေ့ရပါသည်။ ၂၀၀၇ ခုနှစ်တွင် မြို့ပြ၌ (၆၀.၈) ရာခိုင်နှုန်းအထိ တိုးလာပြီး ကျေးလက်တွင် (၇၅.၅) ရာခိုင်နှုန်းအထိ မြင့်မားလာသည်ကို တွေ့ရပါသည်။ လုပ်သားအင်အားပါဝင်မှုနှုန်းကို လေ့လာရာတွင် ကျေးလက် သည် မြို့ပြထက် ပိုများသည်ကို တွေ့ရပါသည်။ (ဇယား(၂))

ဇယား(၂) မြို့ပြနှင့်ကျေးလက်အလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း (၁၉၇၃ ခုနှစ်- ၂၀၀၇ ခုနှစ်)

ခုနှစ်	လုပ်သားအင်အားပါဝင်မှုနှုန်း (%)		
	စုစုပေါင်း	မြို့ပြ	ကျေးလက်
၁၉၇၃	၅၄.၉	၅၃.၅	၅၅.၃
၁၉၈၃	56.0	52.9	57.1
၂၀၀၁	66.0	58.0	69.0
၂၀၀၇	71.4	60.8	75.5

ဇစ်မြစ်- သန်းခေါင်စာရင်းနှင့် မွေးဖွါးမှုနှင့် မျိုးဆက်ပွါးကျန်းမာရေးစစ်တမ်းများ

၅.၂ အလုပ်အကိုင် အမျိုးအစားအလိုက် လူဦးရေ

ဇယား (၃)တွင် အသက် (၁၅)နှစ်အထက် အလုပ်လုပ်သူ ဦးရေစာရင်းကို ကျား/မအလိုက် အလုပ်အကိုင် အမျိုးအစားများအလိုက် ၁၉၇၃ ခုနှစ်မှ ၂၀၀၇ ခုနှစ် အထိ ဖေါ်ပြထားပါသည်။

ယင်းဇယားတွင် အလုပ်အကိုင်အမျိုးအစားများကို အုပ်စုကြီး (၇) ခုခွဲ၍ ဆန်းစစ် လေ့လာထားပါသည်။ ယင်းတို့မှာ အုပ်စု (၁) တွင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုလုပ်ကိုင်သူများ၊ အုပ်စု (၂) တွင် အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ကိုင်သူများ၊ အုပ်စု (၃) တွင် စာရေးစာချီအလုပ်လုပ်ကိုင်သူများ၊ အုပ်စု (၄) အုပ်စုတွင် အရောင်း စာရေး များနှင့် ဝန်ဆောင်မှုအလုပ်လုပ်ကိုင်သူများ၊ အုပ်စု (၅) တွင် စိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်၊ မွေးမြူရေးလုပ်ငန်းများနှင့် ရေလုပ်သားများ၊ အုပ်စု (၆) တွင် ကုန်ပစ္စည်း ထုတ်လုပ်မှုနှင့်

ပုံနှိပ်ဆိုင်ရာလုပ်ငန်းများတွင်လုပ်ကိုင်သူများ၊ လက်မှုပညာဖြင့်လုပ်ကိုင်သူများ၊ တည်ဆောက်ရေးလုပ်သားများ၊ စက်မောင်းသူများနှင့်ကာယအလုပ်သမားများနှင့် အုပ်စု (၇) တွင် အလုပ်အကိုင်အမျိုးအစားကွဲပြားစွာ မဖော်ပြနိုင်သော အလုပ်သမားများ စသည်တို့ပါဝင်ပါသည်။

အလုပ်လုပ်သည့် လူဦးရေကို အလုပ်အကိုင်အမျိုးအစားများအလိုက် ကျား/မ အလိုက်ခွဲခြားလေ့လာရာ၌ ၁၉၇၃ ခုနှစ်တွင် လုပ်ငန်းခွင်ရှိ လူဦးရေစုစုပေါင်း၏ (၆၂.၂) ရာခိုင်နှုန်း ခန့်သည် စိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်နှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ၂၀၀၇ ခုနှစ်တွင် (၅၈.၅) ရာခိုင်နှုန်းသို့ လျော့ကျသွားသည်ကို တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုလုပ်ကိုင်သူများတို့တွင် ၁၉၇၃ ခုနှစ်တွင် (၀.၄) ရာခိုင်နှုန်းမှ ၂၀၀၁နှင့် ၂၀၀၇ ခုနှစ်တွင် (၀.၆) ရာခိုင်နှုန်းထိမြင့်တက်သည်ကို တွေ့ရပါသည်။ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများ၊ စက်မောင်းသူများနှင့်ကာယ အလုပ်သမားများမှာ ၁၉၇၃ ခုနှစ် (၂၁.၀) ရာခိုင်နှုန်းမှ ၂၀၀၇ ခုနှစ်တွင် (၂၄.၄) ရာခိုင်နှုန်းသို့ ရာခိုင်နှုန်း ထိ မြင့်တက်လာသည်ကို တွေ့ရပါသည်။ အမျိုးသားနှင့်အမျိုးသမီးခွဲခြား နှိုင်းယှဉ်ရာတွင် ၁၉၇၃ ခုနှစ် မှ ၂၀၀၇ ခုနှစ်ထိ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုလုပ်ကိုင်သူများတို့တွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုများသည်ကိုတွေ့ရှိရပြီး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပိုများသည်ကိုတွေ့ရှိရသည်။ အလားတူ အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာလုပ်ကိုင်သူများအုပ်စုတွင်လည်း ၁၉၈၃ နောက်ပိုင်းမှစ၍ အမျိုးသမီး ရာခိုင်နှုန်း ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား (၃) အလုပ်အကိုင်အမျိုးအစားအလိုက်ပါဝင်မှုနှုန်းကို ကျား/မ ဖြင့်ဖော်ပြသောဇယား (၁၉၇၃ ခုနှစ် -၂၀၀၇ ခုနှစ်)

အလုပ်အကိုင်အမျိုးအစားများ	၁၉၇၃			၁၉၈၃			၂၀၀၁			၂၀၀၇		
	စုစုပေါင်း	ကျား	မ	စုစုပေါင်း	ကျား	မ	စုစုပေါင်း	ကျား	မ	စုစုပေါင်း	ကျား	မ
၁။ အုပ်ချုပ်ရေး၊စီမံခန့်ခွဲသူများ	0.4	0.5	0.2	0.4	0.6	0.1	0.6	0.7	0.5	0.6	0.8	0.4
၂။ အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာလုပ်ကိုင်သူများ	2.34	2.4	2.3	2.51	2.3	3.0	4.2	3.6	5.1	4.4	4.4	5.5
၃။ စာရေးစာချီအလုပ်လုပ်ကိုင်သူများ	2.4	3.1	1.1	2.3	2.7	1.6	1.7	1.5	2.0	2.1	2.0	2.1
၄။ ဝန်ဆောင်မှုအလုပ်လုပ်ကိုင်သူများ	10.6	7.5	17.0	11.4	8.4	16.8	12.9	8.6	19.2	11.8	8.5	15.6
၅။ စိုက်ပျိုးမွေးမြူရေး၊ သစ်တောအလုပ်လုပ်သူများနှင့်ရေလုပ်သားများ	62.2	65.0	56.5	63.6	64.9	61.2	63.4	66.5	59.0	56.7	58.5	54.5
၆။ ကုန်ထုတ်လုပ်မှုအလုပ်လုပ်သူများ၊စက်မောင်းသူများနှင့်ကာယအလုပ်သမားများ	21.0	20.2	22.8	18.1	18.6	17.2	16.7	18.4	14.3	24.၃	26.5	23.1

၇။ အလုပ်အကိုင်အမျိုးအစားကွဲပြားစွာ မဖော်ပြနိုင်သောအလုပ်သမားများ	1.0	1.4	0.0	1.8	2.7	0.2	0.3	0.5	0.0	0.1	0.3	0.0

၅.၃ လုပ်ငန်းအမျိုးအစားအလိုက် လူဦးရေ

ဇယား (၄) တွင် လုပ်ငန်းခွင်ရှိလူဦးရေကို လုပ်ငန်းအမျိုးအစား (Industry Sector) အလိုက် အဆင့် (၃)ဆင့်ခွဲ၍ ဖော်ပြထားပါသည်။ ပထမအဆင့် လယ်ယာသားငါးကဏ္ဍ (Primary sector) တွင် စိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်နှင့် မွေးမြူရေးလုပ်ငန်းများ ပါဝင်ပါသည်။ ဒုတိယအဆင့် စက်မှုကဏ္ဍ (Secondary Sector) တွင် ရေနံသတ္တုနှင့်ကျောက်တူးဖော်ခြင်း လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပါဝင်ပါသည်။ တတိယ အဆင့် ဝန်ဆောင်မှုကဏ္ဍ (Tertiary sector) တွင် လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ ကုန်သွယ်နှင့်တည်းခိုခန်းလုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းများ ပါဝင်ပါသည်။ လယ်ယာသားငါးကဏ္ဍတွင် လုပ်ကိုင်သူများမှာ ၁၉၇၃ ခုနှစ်၌ (၆၂.၈) ရာခိုင်နှုန်းမှ ၂၀၀၇ ခုနှစ်တွင် (၅၈.၂) ရာခိုင်နှုန်းသို့ ကျဆင်းသည်ကို တွေ့ရှိရ ပါသည်။ စက်မှုကဏ္ဍတွင် လုပ်ကိုင်သူအချိုးအစားသည် လယ်ယာသားငါးကဏ္ဍနည်းတူ နှစ်အလိုက်ရာခိုင်နှုန်း အနည်းငယ် ကျဆင်းခဲ့သော်လည်း ၂၀၀၇ ခုနှစ်တွင် အနည်းငယ် ပြန်လည် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ကဏ္ဍအလိုက် အမျိုးသားနှင့် အမျိုးသမီး ပါဝင်မှု အချိုးအစား နှိုင်းယှဉ်ရာတွင် လယ်ယာသားငါးကဏ္ဍ၌ အမျိုးသားပါဝင်မှုများပြီး ဝန်ဆောင်မှု ကဏ္ဍတွင် အမျိုးသမီးပါဝင်မှု ပိုများသည်ကို တွေ့ရှိရပါသည်။

ဇယား (၄) လုပ်ငန်းအမျိုးအစားအလိုက်ပါဝင်မှုနှုန်းကို ကျား/မ ဖြင့်ဖော်ပြသောဇယား (၁၉၇၃ ခုနှစ် -၂၀၀၇ ခုနှစ်)

ကျား/မ	လုပ်ငန်းအမျိုးအစားများ											
	လယ်ယာသားငါးကဏ္ဍ				စက်မှုကဏ္ဍ				ဝန်ဆောင်မှုကဏ္ဍ			
	1973	1983	2001	2007	1973	1983	2001	2007	1973	1983	2001	2007
စုစုပေါင်း	62.8	64.0	63.9	58.2	12.9	11.1	8.9	9.3	24.3	24.9	27.2	32.5
ကျား	65.7	65.5	67.0	60.0	10.9	10.0	9.5	9.9	23.4	24.5	23.5	30.1
မ	56.7	61.2	59.3	56.0	17.1	13.1	8.0	8.6	26.1	25.6	32.7	35.4

၆။ မြန်မာနိုင်ငံ၏ လုပ်သားအင်အားကို စစ်တမ်းများအပေါ်တွင် အခြေခံ၍ ခန့်မှန်းခြင်း

လက်ရှိအခြေအနေအတိုင်း မွေးဖွားနှုန်းနှင့်သေဆုံးမှုနှုန်း ဆက်လက်ကျဆင်းနေမည် ဟူသောယူဆချက်ဖြင့် မြန်မာနိုင်ငံ၏လူဦးရေကိုသက္ကရာဇ် (၂၀၅၀) ပြည့်နှစ်အထိ ခန့်မှန်း တွက်ချက်ရာတွင် အောက်ဖော်ပြပါပုံများအတိုင်း အသက်နှင့်ကျားမအချိုးများ ပြောင်းလဲ သွားမည်ဟု ယူဆပါသည်။ နောင်လာမည့် (၁၀)နှစ်ခန့်မှစ၍ မြန်မာနိုင်ငံ၏အသက် ဖွဲ့စည်းမှု သည် များစွာပြောင်းလဲသွားမည်ဖြစ်ပြီး (၂၀၄၀)ခုနှစ်ခန့်တွင် လူဦးရေပိရမစ်၏ပုံသဏ္ဍာန်သည် သစ်ရွက်ပုံ အဖြစ်သို့ လုံးဝပြောင်းလဲသွားတော့မည်ဖြစ်ကြောင်း အောက်ဖော်ပြပါပုံများတွင် တွေ့ရှိနိုင်ပါသည် -

၂၀၂၀	၂၀၃၀	၂၀၄၀
		

၆.၁ အသက်အုပ်စုကြီးများ၏အချိုးအစားပြောင်းလဲခြင်း

အောက်ပါပုံတွင် ၂၀၁၁ ခုနှစ်မှ ၂၀၅၀ ခုနှစ်အတွင်း အသက်အုပ်စုကြီးများ၏ ဖွဲ့စည်းမှုပြောင်းလဲပုံကို ဖော်ပြထားပါသည်။ အသက် (၁၅)နှစ်အောက်အုပ်စု၏အချိုးသည် ဆက်လက်ကျဆင်းနေပြီး အသက် (၆၀)နှင့်အထက်အုပ်စု၏အချိုးသည် ဆက်လက်မြင့်မား နေမည်ကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ ၂၀၄၃ ခုနှစ်ခန့်မှစတင်၍ သက်ကြီးရွယ်အိုများ၏ အချိုးအစားသည် အသက် (၁၅)နှစ်အောက်အုပ်စု၏ အချိုးထက်များပြားသွားမည်ဖြစ်ပါသည်။ ထိုအချိန်တွင် သက်ကြီးရွယ်အိုများ၏အချိုးအစားသည် မြန်မာနိုင်ငံလူဦးရေ၏ (၂၀) ရာခိုင်နှုန်း ခန့်ဖြစ်လာပါမည်။

အလုပ်လုပ်နိုင်သော အသက်အုပ်စု (၁၅-၅၉) ၏ပါဝင်မှုအချိုးသည် ၂၀၃၃ ခုနှစ်အထိ ဆက်လက်တိုးနေမည်ဖြစ်ပြီး ၂၀၃၄ ခုနှစ်မှစတင်၍ စတင်ကျဆင်းမည်ဟု ခန့်မှန်းရရှိပါသည်။ ယင်းအချိုးသည် ဆက်တိုက်ကျဆင်းနေမည်ဖြစ်ပြီး သက္ကရာဇ် (၂၀၅၀) ပြည့်နှစ်တွင် မြန်မာနိုင်ငံလူဦးရေ၏ (၆၀) ရာခိုင်နှုန်းခန့်အထိ ကျဆင်းမည်ဟု ခန့်မှန်းရရှိပါသည်။

အသက်အုပ်စုကြီးများ၏အချိုးအစားပြောင်းလဲခြင်း (၂၀၁၁-၂၀၅၀) ခုန□စ□



၆.၂ မှီခိုမှုအချိုးပြောင်းလဲခြင်း

မြန်မာနိုင်ငံ၏ မှီခိုမှုအချိုးကိုလည်း သက္ကရာဇ် (၂၀၅၀) ပြည့်နှစ်အထိ ခန့်မှန်းတွက်ချက် ပြီး အောက်ပါပုံတွင် ဖော်ပြထားပါသည်။ ကလေးမွေးဖွါးနှုန်း ဆက်လက်ကျဆင်းနေခြင်းအတွက် မှီခိုမှုအချိုးသည် **၂၀၃၂ ခုနှစ်အထိ** ဆက်လက်ကျဆင်းနေပါမည်။ သို့ရာတွင် သက်ကြီးရွယ်အိုများ၏အချိုးအစားတိုးလာပြီး အလုပ်လုပ်နိုင်သည့်အုပ်စု၏ အချိုးအစားလျော့ကျလာခြင်းကြောင့် မှီခိုမှုအချိုးသည် **၂၀၃၃ ခုနှစ်မှစတင်၍** ပြန်လည်တိုးလာပါမည်။

မှီခိုမှုအချိုးပြောင်းလဲခြင်း (၂၀၁၁-၂၀၅၀)



၇။ အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာချက်

ဇယား (၅) တွင်လုပ်သားအင်အားပါဝင်မှုနှုန်းနှင့် လုပ်ငန်းအမျိုးအစားတို့ကို အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ဖော်ပြသော ဇယားဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများ အတွင်း လုပ်သားအင်အားပါဝင်မှုနှုန်းသည် ထိုင်းနိုင်ငံသည် (၇၁.၉) ရာခိုင်နှုန်းဖြင့် လုပ်သား အင်အားပါဝင်မှု အများဆုံးဖြစ်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံသည် လုပ်သားအင်အားပါဝင်မှု ဒုတိယ အများဆုံးနိုင်ငံဖြစ်သည်ကို တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံသည် ၅၁.၉ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရသည်။

ဇယား (၅) လုပ်သားအင်အားပါဝင်မှုနှုန်းနှင့်လုပ်ငန်းအမျိုးအစားအလိုက်ပါဝင်မှုနှုန်းတို့ကို အခြားနိုင်ငံ များနှင့်နှိုင်းယှဉ်ဖော်ပြသောဇယား

နိုင်ငံ	လုပ်သားအင်အားပါဝင်မှုနှုန်း	လုပ်ငန်းအမျိုးအစားပါဝင်မှုနှုန်း (%)		
		လယ်ယာသားငါးကဏ္ဍ	စက်မှုကဏ္ဍ	ဝန်ဆောင်မှုကဏ္ဍ
အင်ဒိုနီးရှား (၂၀၀၇)	67.0	43.7	16.9	39.4

မလေးရှား (၂၀၀၆)	65.4	20.3	27.5	52.2
မြန်မာ (၂၀၀၇)*	71.4	58.2	9.3	32.5
ဖိလစ်ပိုင် (၂၀၀၇)	63.2	36.1	14.3	49.6
စင်္ကာပူ (၂၀၀၇)	65.1	0.0	22.6	77.4
ထိုင်း (၂၀၀၇)	71.9	41.6	19.8	38.6
ဗီယက်နမ် (၂၀၀၆)	51.9	55.7	18.8	25.5

ဇစ်မြစ် - 2008 ASEAN Statistical Year Book and FRHS 2007

လုပ်ငန်းအမျိုးအစားကို လယ်ယာသားငါးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍ (၃) ခုခွဲ၍ လေ့လာရာတွင် မြန်မာနိုင်ငံသည် လယ်ယာသားငါးကဏ္ဍတွင် (၅၈.၂) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်ကိုတွေ့ရသည်။ ဒုတိယအများဆုံးမှာ ဗီယက်နမ်နိုင်ငံ (၅၅.၇) ရာခိုင်နှုန်း ဖြစ်ပါသည်။ စက်မှုကဏ္ဍတွင် မလေးရှားနိုင်ငံသည် (၂၇.၅) ရာခိုင်နှုန်းဖြင့် အများဆုံး ဖြစ်ပြီး စင်္ကာပူနိုင်ငံသည် (၂၂.၆) ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ပါသည်။ ဝန်ဆောင်မှု ကဏ္ဍတွင် စင်္ကာပူနိုင်ငံသည် (၇၇.၄) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး မလေးရှားနိုင်ငံသည် (၅၂.၂) ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ပါသည်။

ဇယား (၆) တွင် လုပ်ငန်းခွင်ရှိ အလုပ်လုပ်သူများ၏ အလုပ်အကိုင်အမျိုးအစားကို အရှေ့တောင်အာရှ နိုင်ငံများနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။ ယင်းဇယား၌ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုလုပ်ကိုင်သူများသည် စင်္ကာပူနိုင်ငံတွင် (၁၄.၇) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသည် (၀.၂) ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ သည် (၀.၆) ရာခိုင်နှုန်းဖြင့် စတုတ္ထနေရာတွင် ရှိပါသည်။ အသက်မွေးဝမ်းကျောင်း အတတ် ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာလုပ်ကိုင်သူများတို့တွင် စင်္ကာပူနိုင်ငံသည် (၃၄.၂) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသည် (၃.၁) ရာခိုင်နှုန်းဖြင့် အနည်းဆုံး ဖြစ်သည်ကို တွေ့ရပါသည်။ စိုက်ပျိုးမွေးမြူရေး၊ သစ်တောအလုပ်လုပ်သူများနှင့် ရေလုပ်သားလုပ်ကိုင်သူ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် (၅၆.၇) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါသည်။ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများ၊

စက်မောင်းသူများနှင့်ကာယအလုပ်သမား ရာခိုင်နှုန်းသည် ဖိလစ်ပိုင်နိုင်ငံတွင် (၃၉.၇) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး မြန်မာနိုင်ငံသည် ဒုတိယအများဆုံးဖြစ်သည်ကို တွေ့ရှိရ ပါသည်။

ဇယား (၆) အလုပ်အကိုင်အမျိုးအစားအလိုက်ပါဝင်မှုနှုန်းကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ဖေါ်ပြသောဇယား (၂၀၀၇) ခုနှစ်

အလုပ်အကိုင်အမျိုးအစားများ	နိုင်ငံ					
	အင်ဒိုနီးရှား	မလေးရှား	ဖိလစ်ပိုင်	စင်္ကာပူ	ထိုင်း	မြန်မာ*
၁။ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲသူများ	0.2	7.2	11.3	14.7	2.9	0.6
၂။ အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာလုပ်ကိုင်သူများ	3.1	17.8	7.1	34.2	8.1	4.4
၃။ စာရေးစာချီအလုပ်လုပ်ကိုင်သူများ	4.8	9.7	5.0	13.7	3.6	2.1
၄။ ဝန်ဆောင်မှုအလုပ်လုပ်ကိုင်သူများ	17.9	14.3	17.7	11.6	16.9	11.8
၅။ စိုက်ပျိုးမွေးမြူရေး၊ သစ်တောအလုပ်လုပ်သူများနှင့် ရေလုပ်သားများ	51.4	13.4	18.8	0.0	37.6	56.7
၆။ ကုန်ထုတ်လုပ်မှုအလုပ်လုပ်သူများ၊ စက်မောင်းသူများနှင့် ကာယအလုပ်သမားများ	22.6	25.8	39.7	22.4	19.0	24.3
၇။ အလုပ်အကိုင်အမျိုးအစားကွဲပြားစွာမဖော်ပြနိုင်သောအလုပ်သမားများ	0.0	11.8	0.4	3.4	11.9	0.1

ဇစ်မြစ် - 2008 ASEAN Statistical Year Book and FRHS 2007

၈။ သုံးသပ်ချက်နှင့်အကြံပြုချက်

မြန်မာနိုင်ငံ၏ အသက်ဖွဲ့စည်းပုံနှင့် မီှခိုမှုအချိုးပြောင်းလဲလာခြင်းကြောင့် အောက်ပါ အကျိုးဆက်များကိုဖြစ်ပေါ်စေပါသည် -

၈.၁ လူဦးရေ၏အသက်အလိုက်ဖွဲ့စည်းမှုအချိုးအစားပြောင်းလဲခြင်း

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်ဆယ်စုနှစ်(၄)စုနှစ်မှစ၍ ကလေးမွေးဖွားနှုန်း ကျဆင်းလာသကဲ့သို့ သေဆုံးမှုနှုန်းလည်းကျဆင်းခဲ့ခြင်းကြောင့် လူဦးရေ၏အသက်အလိုက်ဖွဲ့စည်းမှု အချိုးအစားသည် ပြောင်းလဲခဲ့ပါသည်။ အဆိုပါပြောင်းလဲမှုကြောင့် အောက်ပါအကျိုးဆက်များကို ဖြစ်ပေါ်စေပါသည် -

(၁) ကလေးမွေးဖွားမှုနှုန်း ကျဆင်းခဲ့ခြင်းကြောင့် အသက်(၁၅)နှစ်အောက် ကလေး အရွယ်လူဦးရေအချိုးအစားသည် တဖြည်းဖြည်းလျော့ကျလာပါသည်။ သို့ရာတွင် အတိတ်ကလူဦးရေတိုးနှုန်း မြင့်မားခဲ့ခြင်းကြောင့် အလုပ်လုပ်နိုင်သည့်လူဦးရေအချိုးအစားမှာဆက်လက်မြင့်တက်ခဲ့ပါသည်။ သေဆုံးမှုနှုန်းကျဆင်းခဲ့ခြင်းကြောင့် အသက် (၆၀) နှစ်နှင့်အထက်သက်ကြီးရွယ်အိုများ၏ အချိုးအစားမှာလည်း တဖြည်းဖြည်း မြင့်တက်ခဲ့ပါသည်။

(၂) ကလေးမွေးဖွါးနှုန်းနှင့် သေဆုံးနှုန်းများ ကျဆင်းလာခြင်း၏ အကျိုးဆက်အဖြစ်လတ်တလောကာလတွင် မှီခိုသူလူဦးရေအချိုးအစားနည်းပါးပြီး အလုပ်လုပ်နိုင်သောလူဦးရေအချိုးအစား မြင့်တက်လာကာ လူသားအရင်းအမြစ်ပေါ်များသည့် အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေပါသည်။ ယင်းဖြစ်စဉ်ကို လူဦးရေပညာတွင် လူဦးရေဆုလာဘ် (Demographic Bonus/ Demographic Window of Opportunity) ဟုခေါ်၍ ယင်းဖြစ်စဉ်သည် နိုင်ငံ၏ အခြေအနေပေါ်မူတည်၍ နှစ်ပေါင်း ၃၀-၄၀ ခန့်ကြာမြင့်တတ်ပါသည်[2]။ ယင်းဖြစ်စဉ်သည် နိုင်ငံ၏စီးပွါးရေး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်သလို နိုင်ငံ၏စီးပွါးရေးကို ကျဆင်း စေနိုင်သော အခြေအနေ မျိုးကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ဆုလာဘ်၏ အကျိုးဆက်ကို ရရှိနိုင်သည့် ကာလသည် ၂၀၀၃ မှ ၂၀၃၄ အထိ နှစ်ပေါင်း (၃၀) ခန့်ဖြစ်ပါသဖြင့် ယနေ့အချိန်အခါသည် မြန်မာနိုင်ငံ၏ လူမှု စီးပွါးရေး အခြေအနေ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေအနေကောင်း တစ်ခုကို ရောက်ရှိနေပြီဟု ဆိုနိုင်ပါသည်။ အဆိုပါ လူသားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ပါက

[2] http://en.wikipedia.org/wiki/Demographic_window

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက် တစ်လမ်းမှ အထောက် အကူပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါလူသား အရင်းအမြစ်များကို အရည်အသွေး ပြည့်ဝသော လုပ်သားအင်အားထုဖြစ်လာစေရန် လေ့ကျင့် ပျိုးထောင်ပေးခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရန် အလုပ်အကိုင် အခွင့် အလမ်းများ ဖန်တီးပေးခြင်းဖြင့် မြန်မာနိုင်ငံ၏လူနေမှုဘဝ မြင့်မားရေးကို အထောက်အကူပြုမည်ဖြစ်ပါသည်။ ဤကဲ့သို့ မဖန်တီးပေးနိုင်ခဲ့ပါက အဆိုပါ 'လူဦးရေဆုလာဘ်' ကြောင့် အလုပ်အကိုင်ရှားပါးမှုနှင့် လူမှုစီးပွားရေး ဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။

(၃) ယခုကဲ့သို့အသက် (၁၅) နှစ်အောက် လူဦးရေအချိုးအစားဆက်လက် ကျဆင်းနေပါက နှစ်ပေါင်း (၂၀) ကျော်ခန့် (**၂၀၃၄ ခုနှစ်**) တွင် အသက်(၁၅)နှစ်နှင့် (၅၉)နှစ်အတွင်းရှိ လူဦးရေအချိုးအစားမှာ တဖြည်းဖြည်းကျဆင်းလာပြီး လုပ်သားအင်အားရှားပါးမှုကို စတင်ရင်ဆိုင်ရပါမည်။ ထိုပြဿနာကို ရင်ဆိုင်နိုင်ရန်အတွက် နောင်တစ်ချိန်၌ လုပ်သားအင်အားထုဖြစ်လာမည့်လူငယ်များကို အရည်အသွေးပြည့်ဝနေစေရန် ပညာရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာများကို လေ့လာနိုင်မည့် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ အမျိုးသားအဆင့် စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံသည် လူအင်အားကို အရင်းပြုသည့် Labour Intensive စီးပွါးရေးစနစ်မှ ငွေနှင့်စက်ပစ္စည်းကိရိယာများကို အရင်းပြုသည့် Capital Intensive စီးပွါးရေးစနစ်သို့ ပြောင်းလဲရာတွင် အထောက်အကူပြု မည် ဖြစ်ပါသည်။

(၄) သက်ကြီးရွယ်အိုများ၏ ပါဝင်မှုအချိုးသည် ၂၀၂၀ ခုနှစ်ခန့်တွင် မြန်မာနိုင်ငံ လူဦးရေ၏ (၁၀) ရာခိုင်နှုန်းခန့်နှင့် ၂၀၄၅ ခုနှစ်ခန့်တွင် (၂၀) ရာခိုင်နှုန်းခန့် ဖြစ်လာပါမည်။ သက်ကြီးရွယ်အိုများ များပြားလာခြင်းကြောင့် လူမှုစီးပွားရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုကိစ္စရပ်များအပေါ် အကျိုးသက်ရောက်မှုများ ရှိလာပါမည်။ လူထုကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုဖူလုံရေးကိစ္စများ အပေါ်စိန်ခေါ်မှုများဖြစ်ပေါ်စေပါမည်။ သက်ကြီးရွယ်အိုများအားပြုစု စောင့်ရှောက်ရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လာ မည်ဖြစ် ပါသည်။ သက်ကြီးရွယ်အိုများသည် လုပ်ငန်းခွင်တွင် ဆက်လက်တာဝန် ထမ်း ဆောင်နိုင်မည်ဆိုပါက မိသားစု၊ ရပ်ရွာနှင့် တိုင်းပြည်အတွက် ဆက်လက် ပေးဆပ် သွားနိုင်မည်

ဖြစ်သလို လုပ်သားအင်အားရှားပါးမှု ပြဿနာကိုလည်း ဖြေရှင်းရာ ရောက်သည့် အတွက် အလုပ်အကိုင်၊ မိသားစု၊ အဖွဲ့အစည်းနှင့် ပတ်သက်သည့် အစီအမံများကို ပြန်လည်သုံးသပ် ဆောင်ရွက်သွားရန် လိုအပ် ပါသည်။

၈.၂ မြန်မာနိုင်ငံ၏ လုပ်သားအင်အားပါဝင်မှုနှုန်း အလုပ်အကိုင်၊ လုပ်ငန်း အမျိုးအစားအလိုက် လူဦးရေ

(၁) မြန်မာနိုင်ငံ၏ လုပ်သားအင်အားပါဝင်မှုနှုန်းသည် လွန်ခဲ့သည့် နှစ်ပေါင်း (၄၀)ခန့် အတွင်း တဖြည်းဖြည်း မြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ အမျိုးသားများ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းသည် အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှု နှုန်းထက်များစွာမြင့်မားပါသည်။ ထိုကာလအတွင်း အမျိုးသမီးများ၏ လုပ်သား ပါဝင်မှုနှုန်းသည် (၂)ဆနီးပါးခန့် မြင့်တက်လာသည်ကို တွေ့ရှိရသော်လည်း အမျိုးသား များနှင့်နှိုင်းယှဉ်ပါက များစွာနည်းပါးဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် အမျိုးသမီးများဖြစ်သည့်အတွက် အမျိုးသမီး နှင့်အမျိုးသမီး ငယ်များ၏ကျန်းမာရေးနှင့် ပညာရေးအခြေအနေ မြင့်မားလာစေရေး အတွက် ပိုမို ရင်းနှီးမြှုပ်နှံသွားရန်လိုအပ်ပါသည်။ ထို့အပြင် အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ ၏ စွမ်းဆောင်ရည်များကိုအသုံးချနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင် အခွင့် အလမ်းများ ပိုမိုဖန်တီးပေးခြင်း စသည်တို့သည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန် အဟုန်မြင့်စေနိုင်မည် ဖြစ်ပါသည်။

(၂) မြန်မာနိုင်ငံ၏ အလုပ်အကိုင်အမျိုးအစားအလိုက် ပါဝင်မှုအချိုးအစားတွင် လုပ်သား အင်အားကို အရင်းပြုသည့် အလုပ်အကိုင်များဖြစ်သည့် စိုက်ပျိုး မွေးမြူရေး၊ သစ်တောနှင့် ရေလုပ်သားများ၏ အချိုးအစားသည် ထက်ဝက် ကျော်ခန့် (၅၉ ရာခိုင်နှုန်း) ဖြစ်ပြီး ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ကိုင်သည့် အလုပ် သမားများ၏ အချိုးအစားသည် (၂၇ ရာခိုင်နှုန်း) ခန့်ဖြစ်ပါသည်။ အသက်မွေး ဝမ်းကျောင်း အတတ်ပညာဖြင့် အလုပ်လုပ်သူများမှာ (၄ ရာခိုင်နှုန်း) ခန့်သာ ရှိပါသည်။ လုပ်သား အင်အားရှားပါးမှုကို စတင်ရင်မဆိုင်ရသေးခင်ကာလအတွင်း ထုတ်လုပ်မှုကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာဖြင့် အလုပ်လုပ်သူများ၏ အချိုးအစား မြင့်မား လာစေရန် အစီအစဉ်များရေးဆွဲချမှတ် ဆောင်ရွက်သွား ရန်လိုအပ်မည် ဖြစ်ပါသည်။

(၃) မြန်မာနိုင်ငံ၏ လုပ်ငန်းအမျိုးအစားအလိုက် လုပ်သားအင်အားပါဝင်မှု အချိုးအစားသည် လွန်ခဲ့သည့် နှစ်ပေါင်း (၄၀)ခန့်အတွင်းအနည်းငယ်သာပြောင်းလဲခဲ့ပါသည်။ လယ်ယာသားငါးကဏ္ဍသည် တိုင်းပြည်၏ အဓိကလုပ်ငန်းအမျိုးအစားအဖြစ် မပြောင်းမလဲ တည်ရှိခဲ့ပါသည်။ လယ်ယာသားငါးကဏ္ဍနှင့် စက်မှုကဏ္ဍ၏ ပါဝင်မှု အချိုးအစားသည် အနည်းငယ်ကျဆင်းသွားပြီး ဝန်ဆောင်မှုကဏ္ဍသည် တိုးတက်မှု အသင့်အတင့်ရှိခဲ့ပါသည်။ လုပ်သားအင်အားရှားပါးမှုကို စတင်ရင်မဆိုင်ရသေးခင် ကာလအတွင်း စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ အချိုးအစား မြင့်မားလာ စေရန် အစီအစဉ်များရေးဆွဲချမှတ် ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၉။ နိဂုံး

မြန်မာနိုင်ငံသည် ယနေ့အချိန်အခါသည် လူမှုစီးပွါးရေး အခြေအနေ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေအနေကောင်းတစ်ခုဖြစ်သည့် လူသားအရင်းအမြစ်ပေါများသည့် အခြေအနေ ဖြစ်ပါသည်။ လုပ်သားအင်အားနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ လုပ်သားအင်အားပါဝင်မှု အချိုးအစားသည် စီးပွါးရေးဖွံ့ဖြိုးပြီးဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံအချို့နှင့် နှိုင်းစာလျှင် မကွာခြားသော်လည်း အလုပ်အကိုင်အမျိုးအစားအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် လေ့လာ ပါက လယ်ယာ သားငါးကဏ္ဍတွင် လုပ်ကိုင်သူ အချိုးအစားများပြားနေသည်ကို တွေ့ရှိရပါသည်။ စီးပွါးရေး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ တို့တွင် ပါဝင်မှု အချိုးအစားများပြားသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် လုပ်သားအင်အားပါဝင်မှု အချိုးအစားကို ပြောင်းလဲနိုင်ရန်အတွက် စီမံဆောင်ရွက် မှုများပြုလုပ်၍ လူသားအရင်း အမြစ်များ ပေါများသည့် အခြေအနေကောင်းကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် နိုင်ငံ၏လူမှု စီးပွါး ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁
၂။	ရည်ရွယ်ချက်	၁
၃။	မြန်မာနိုင်ငံ၏လူဦးရေသမိုင်း	၂
	၃.၁ ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ	၂
	၃.၂ ကိုလိုနီခေတ်မြန်မာနိုင်ငံ	၂
	၃.၃ လွတ်လပ်ပြီးခေတ် လူဦးရေသန်းခေါင်စာရင်းများကောက်ယူခြင်း	၃
	၃.၄ သန်းခေါင်စာရင်းကြားကာလတွင်ကောက်ယူသည့်လူဦးရေဆိုင်ရာ စစ်တမ်းများ	၄
	၃.၅ စစ်တမ်းများကောက်ယူခြင်း	၄
	၃.၆ အခြားလူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်းများ	၄
၄။	လူဦးရေပြောင်းလဲမှုဖြစ်စဉ်	၅
	၄.၁ လူဦးရေသန်းခေါင်စာရင်းနှင့်စစ်တမ်းများမှဖော်ပြနေသည့် မြန်မာနိုင်ငံ၏ လူဦးရေ ပြောင်းလဲမှုဖြစ်စဉ် (၁၉၇၃-၂၀၀၇)	၅
	၄.၂ မြန်မာနိုင်ငံ၏အသက်အုပ်စုကြီးအလိုက်ဖွဲ့စည်းမှုပြောင်းလဲလာခြင်း	၁၁
	၄.၃ မြန်မာနိုင်ငံ၏မှီခိုမှုအချိုး ကျဆင်းလာခြင်း	၁၂
၅။	လူဦးရေတွင် လုပ်သားအင်အားပါဝင်မှု အချိုးအစား	၁၃
	၅.၁ လုပ်သားအင်အားပါဝင်မှုနှုန်း	၁၃
	၅.၂ အလုပ်အကိုင်အမျိုးအစားအလိုက် လူဦးရေ	၁၆
	၅.၃ လုပ်ငန်းအမျိုးအစားအလိုက် လူဦးရေ	၁၉
၆။	မြန်မာနိုင်ငံ၏ လုပ်သားအင်အားကို စစ်တမ်းများအပေါ်တွင် အခြေခံ၍ ခန့်မှန်းခြင်း	၂၀
	၆.၁ အသက်အုပ်စုကြီးများ၏အချိုးအစားပြောင်းလဲခြင်း	၂၀
	၆.၂ မှီခိုမှုအချိုးပြောင်းလဲခြင်း	၂၂
၇။	အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာချက်	၂၃
၈။	သုံးသပ်ချက်နှင့်အကြံပြုချက်	၂၅
	၈.၁ လူဦးရေ၏အသက်အလိုက်ဖွဲ့စည်းမှုအချိုးအစားပြောင်းလဲခြင်း	၂၅

	၈.၂	မြန်မာနိုင်ငံ၏ လုပ်သားအင်အားပါဝင်မှုနှုန်း အလုပ်အကိုင်၊ လုပ်ငန်းအမျိုးအစားအလိုက် လူဦးရေ	၂၇
၉။	နိဂုံး		၂၈

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်သူ့အင်အားဦးစီးဌာန

နိုင်ငံလူဦးရေနှင့် လုပ်သားအင်အားခန့်မှန်းမှု